NUCC National Unity Consultative Council

အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ

## နွေဦးတော်လှန်ရေး (၃) နှစ်ပြည့်
## အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) ၏ နိုင်ငံရေးသဘောထားကြေညာချက်

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်

၁။ နွေဦးတော်လှန်ရေးအပေါ် တိုင်းရင်းသားပြည်သူလူထုတရပ်လုံး၏ တခဲနက် ထောက်ခံအားပေးမှု၊ ကြံ့ကြံ့ခံ စွန့်လွှတ်ရပ်တည်မှု၊ CDM များ၏ ကိုယ်ကျိုးစွန့်ပါဝင်မှု၊ နိုင်ငံတကာရောက် မြန်မာတိုင်းရင်းသားပြည်သူများ၏ ထောက်ခံအားပေးဝန်းရံကူညီမှု၊ သပိတ်အင်အားစုအသီးသီးနှင့် အလုပ်သမား၊ ကျောင်းသား၊ လူငယ်သမဂ္ဂများနှင့် အမျိုးသမီး အင်အားစုများ၊ LGBTQI အင်အားစုများ၏ ဖွဲ့၊ သတ္တိပြောင်မြောက်သည့် အကြမ်းမဖက်ခုခံအန်တုမှု၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းအသီးသီး၏ ခိုင်မာသော သန္နိဋ္ဌာန်ဖြင့် စုပေါင်းတွန်းလှန်မှု၊ ဒေသအနှံ့အပြားမှ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ၏ စွမ်းစွမ်းတမံ ခုခံတော်လှန်မှုများ၊ စစ်ကောင်စီနှင့် မပူးပေါင်းသော ရွေးကောက်ပွဲ အနိုင်ရ လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တို့၏ မဆုတ်မနစ် ကြိုးပမ်းမှုတို့ကြောင့် ဤသို့သော အခြေအနေကောင်းများ ရရှိလာခြင်းဖြစ်ကြောင်း အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) ၏ အဖွဲ့ဝင် အဖွဲ့အစည်းများ အားလုံးက အလေးအနက် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ ယနေ့ကျရောက်သည့် နွေဦးတော်လှန်ရေး (၃) နှစ် ပြည့်မြောက်ချိန်တွင် အကြမ်းဖက်စစ်အုပ်စုသည် ၎င်းတို့၏ သမိုင်းတွင် တကြိမ်မျှ မကြုံတွေ့ဖူးသည့် သေဆုံးထိခိုက်ဒဏ်ရာရရှိမှု၊ ဘက်ပြောင်းခိုလှုံမှု၊ အစုလိုက်အပြုံလိုက် လက်နက်ချအညံ့ခံမှု၊ တဖက်အိမ်နီးချင်းနိုင်ငံသို့ ထွက်ပြေးမှုတို့ဖြင့် စစ်အင်အား အတုံးအရုံး ပြိုလဲနေသည်ကို တွေ့မြင်နေကြရပြီဖြစ်သည်။

၃။ လူထုထောက်ခံမှုမရရှိသည့်အကြမ်းဖက်စစ်အုပ်စုသည် စစ်ရေး၊ နိုင်ငံရေး၊ သံတမန်ရေး၊ စီးပွားရေး အဘက်ဘက်တွင် ရှုံးနိမ့်နေပြီဖြစ်ပြီး၊ လုံးဝနာလန်မထူနိုင်တော့သည့် အခြေအနေဖြစ်သည်။

၄။ စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်ဟူသမျှကို အမြစ်ပြတ်တိုက်ဖျက်နိုင်မှသာ ရေရှည်တည်တံ့ခိုင်မြဲသည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကိုပြည်သူလူထုတရပ်လုံး တန်းတူခံစား ရရှိနိုင်မည် ဖြစ်ပြီး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို အတူလက်တွဲထူထောင် နိုင်မည်ဖြစ်သည်ကို ယနေ့တိုက်ပွဲဝင်နေကြသော တော်လှန်ရေးအင်အားစုအားလုံးက သဘောတူ လက်ခံထား ကြပြီးဖြစ်သည်။

၅။ ယနေ့အချိန်တွင် အောင်မြင်မှုရောင်နီကို အထင်အရှား မြင်တွေ့နေရပြီဖြစ်ပြီး အမြန်ဆုံး အပြီးသတ် အောင်ပွဲရရေးအတွက် တော်လှန်ရေးအင်အားစုအားလုံး စုပေါင်းအားဖြင့် ပြိုင်တူအားသွန်ခွန်စိုက် တိုက်ပွဲဝင်ကြရမည်ဖြစ်သည်။ တစုတဖွဲ့တည်း လွတ်မြောက်၍ မရနိုင်ကြောင်း၊ တနိုင်ငံလုံး

လွှတ်မြောက်မှု ဖြစ်မည်ဆိုသည်ကို အင်အားစုအားလုံးက တသားတည်း လက်ခံထားကြပြီးလည်း ဖြစ်သည်။

၆။ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) သည် ဒုတိယအကြိမ် ပြည်သူ့ညီလာခံကို ၂၀၂၄ ခုနှစ်၊ မတ်လအတွင်း ကျင်းပရန် လျာထားပြီး၊ နွေဦးတော်လှန်ရေး အမြန်ဆုံး အောင်မြင်နိုင်ရန်မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များကိုဆွေးနွေးအတည်ပြုကြမည်ဖြစ်သည်။

၇။ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) အနေဖြင့် တော်လှန်ရေးအရှိန်အဟုန်နှင့်အတူ တော်လှန်ရေး အင်အားစု အသီးသီးနှင့် ပိုမို ခိုင်မာသော ဘုံနိုင်ငံရေး သဘောတူညီချက်တရပ်ရရှိရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်သည်။

၈။ အသွင်ကူးပြောင်းရေးကာလဆိုင်ရာ အစီအမံများနှင့် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ၂၀၂၄ ခုနှစ်အတွင်း အမြန်ဆုံးပြီးမြောက်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

၉။ တော်လှန်ရေးအလွန် တနည်းအားဖြင့် အသွင်ကူးပြောင်းရေးကာလတွင်လည်း ကြီးမားသောစိန်ခေါ်မှုများ ကြုံတွေ့လာနိုင်သည်ကို သတိပြုကြရမည်ဖြစ်ပြီး၊ အကြွင်းဖက်စစ်အုပ်စုကြောင့် ပြိုကျပျက်စီးလုနီးပါးဖြစ်နေသည့် အရာမှန်သမျှကို ဘက်စုံပြန်လည်တည်ဆောက် ကြရမည်ဖြစ်သည်။ တချိန်တည်းမှာပင် တိုင်းပြုပြည်ပြုလွှတ်တော်ခေါ်ယူပြီး ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲကြရမည်လည်းဖြစ်သည်။

၁၀။ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ တရုတ်၊ ထိုင်းနိုင်ငံ အပါအဝင် အာဆီယံနိုင်ငံများနှင့်နိုင်ငံတကာ အစိုးရများအနေဖြင့် လက်ရှိစစ်ရေး၊ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများကို ပြန်လည်သုံးသပ်ပြီး၊ မြန်မာ့အရေး ချဉ်းကပ်မှုများတွင် မူဝါဒများပြောင်းလဲကြရန် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) က အလေးအနက် တိုက်တွန်းအပ်သည်။

၁၁။ နွေဦးတော်လှန်ရေးတွင်အသက်၊ ခန္ဓာပေးဆပ်စွန့်လွှတ်ခဲ့ကြသည့် တဦးချင်းစီအား သူရဲကောင်းအာဇာနည်များအဖြစ် လေးနက်တည်ကြည်စွာ အသိအမှတ်ပြုသည်။ အပြစ်မဲ့အရပ်သားပြည်သူများထိခိုက်သေဆုံးမှု၊ ရပ်ရွာများဖျက်ဆီးခံရမှု၊ စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများအတွက်လည်း ထပ်တူဝမ်းနည်း ကြေကွဲရကြောင်းနှင့် ယင်းတို့အတွက် ကျူးလွန်သူများအား လုံးဝကင်းလွတ်ခွင့်ပြုမည် မဟုတ်ဘဲ၊ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာမူဝါဒနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်းလည်း အလေးအနက်ကတိပြုသည်။

အရေးတော်ပုံမုချအောင်ရမည်။
တော်လှန်ရေးသစ္စာဖြင့်
**အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC)**